# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# နေပြည်တော်

နိုင်လွန်ကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ဘိုးတော်တိုးရပ်ကွက်၊ အကွက်အမှတ် (၄၁၈)၊ ဦးပိုင်အမှတ် (၁၄-ဆ/ ၁၄-ဈ)၊ ကိုယ်ပိုင်မြေ၊ မြေဧရိယာ ၀.ဖ၄ ဧက ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်

## (Environmental Compliance Certificate- ECC)

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်

## (Environmental Compliance Certificate- ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၇၈၀ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင် ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဦးအေးမင်းစိုး<br>မန်နေးဂျင်းဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - | နိုင်လွန်ကုမ္ပဏီလီမိတက်၊<br>အမှတ် (၁၈၈)၊ ၈၃ လမ်း၊ ၂၅ လမ်းနှင့် ၂၆ လမ်းကြား၊<br>ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက်၊ အောင်မြေသာဇံ<br>မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း ၀၉-၂၀၀၇၄၉၈ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်း<br>လုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | စီမံကိန်းမြေဧရိယာ (၀.၆၄) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | ကိုယ်ပိုင်မြေ၊ ဦးပိုင်အမှတ် (၁၄-ဆ/ ၁၄-ဈ)၊<br>အကွက်အမှတ် (၄၁၈)၊ ဘိုးတော်တိုးရပ်ကွက်၊<br>အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| (ဆ) | **ECC သက်တမ်း** | - | (၅) နှစ်<br>စတင်ထုတ်ပေးရက် - ၁၄-၉-၂၀၂၃<br>သက်တမ်းကုန်ဆုံးရက် - ၁၃-၉-၂၀၂၈ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ အမျိုးအစား** | - | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) |

(ဈ) **အတည်ပြုအစီရင်ခံစာ** - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၁၉-၆-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇/ EIA (၃၂၈/၂၀၂၃)

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၃။ အထက်ဖော်ပြပါ စည်းကမ်းချက်များအပြင် ဤဝန်ကြီးဌာနမှ အခါအားလျော်စွာထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

၄။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုမိန့်မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

၅။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

၂၀.၃.၂၀၂၄

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

**နိုင်လွန်ကုမ္ပဏီလီမိတက်၏ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ဘိုးတော်တိုးရပ်ကွက်၊ အကွက်အမှတ် (၄၁၈)၊ ဦးပိုင်အမှတ် (၁၄-ဆ/ ၁၄-ဈ)၊ ကိုယ်ပိုင်မြေ၊ မြေဧရိယာ ၀.၆၄ ဧက ပေါ်တွင် မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ နိုင်လွန်ကုမ္ပဏီလီမိတက်၏ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ဘိုးတော်တိုးရပ်ကွက်၊ အကွက်အမှတ် (၄၁၈)၊ ဦးပိုင်အမှတ် (၁၄-ဆ/ ၁၄-ဈ)၊ ကိုယ်ပိုင်မြေ၊ မြေဧရိယာ ၀.၆၄ ဧက ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၁၉-၆-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇/ EIA (၃၂၈/၂၀၂၃) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate–ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးအေးမင်းစိုး၊ မန်နေးဂျင်းဒါရိုက်တာ၊ နိုင်လွန်ကုမ္ပဏီလီမိတက်၊ ကိုယ်ပိုင်မြေ၊ ဦးပိုင်အမှတ် (၁၄-ဆ/ ၁၄-ဈ)၊ အကွက်အမှတ် (၄၁၈)၊ ဘိုးတော်တိုးရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း ၀၉-၂၀၀၇၄၉၈ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** စီမံကိန်းတွင် လုပ်ငန်းစဉ်အနေဖြင့် ကိုယ်ထည်ဘောင်နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်း၊ ရှော့ဘား၊ ဘီးနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်း၊ အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း၊ အိတ်ဇောပိုက်တပ်ဆင်ခြင်း၊ ဘာရီတ်ကြိုးများ တပ်ဆင်ခြင်း၊ ဆိုင်ကယ်မီးလုံးတပ်ဆင်ခြင်း၊ ဆီတိုင်ကီနှင့် ကာဗာတပ်ဆင်ခြင်းများ ပြုလုပ်ခြင်း၊ မော်တော်ဆိုင်ကယ် စက်ပစ္စည်းအစိတ်အပိုင်းများအား တပ်ဆင်မှုပြီးစီးချိန်တွင် စစ်ဆေးသည့် အပိုင်းသို့ ပို့ဆောင်ကြောင်းနှင့် စစ်ဆေးပြီးနောက် ရရှိလာသည့် ဆိုင်ကယ်များကို ထုပ်ပိုးခြင်း ပြုလုပ်၍ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းအတွက် လိုအပ်သောစက်ပစ္စည်းများနှင့် အစိတ်အပိုင်းများကို တရုတ်နိုင်ငံမှတင်သွင်းမည်ဖြစ်ကြောင်း၊ စီမံကိန်းအတွက် လိုအပ်သောရေကို အကျယ် ၄ လက်မ အနက် ၆၀၀ ပေ ရှိသော အဝီစိတွင်းမှ ရယူအသုံးပြုမည်ဖြစ်ကြောင်း၊ လိုအပ်သည့် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ရယူသုံးစွဲမည်ဖြစ်ပြီး (၃၂၅) kVA Transformer တစ်လုံးနှင့် (၂၀) kVA ရှိ ဒီဇယ်လောင်စာသုံးမီးစက်တစ်လုံးမှ ရယူအသုံးပြုမည်ဖြစ်ကြောင်း၊ မီးစက်အတွက် လောင်စာဆီလိုအပ်ချက်မှာ တစ်လလျှင် ဒီဇယ်ဆီ (၅) ဂါလန်ခန့် အသုံးပြုမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုရလဒ်ထားချက်အနေဖြင့် တစ်နှစ်အတွင်း အင်ဂျင်ပါဝါ ၁၁၀ CC (၈,၀၀၀) စီး၊ အင်ဂျင်ပါဝါ ၁၂၅ CC (၄၈,၀၀၀) စီး၊ အင်ဂျင်ပါဝါ ၁၅၀ CC (၁,၀၀၀) စီးနှင့် အင်ဂျင်ပါဝါ ၂၀၀ CC (၁,၀၀၀) စီး စုစုပေါင်း

(၅၀,၀၀၀) စီးခန့်ထုတ်လုပ်ရန် လျာထားကြောင်းဖော်ပြထားပါသည်။ ထုတ်လုပ်မှုအတွက်လိုအပ်သည့် စက်ပစ္စည်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြထားပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည်<br>စက်ယန္တရားအစိတ်အပိုင်း | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| 1 | ASSEMBLY LINE MACHINE | SET | 1 |
| 2 | SAFETY TEST UNIT MACHINE | SET | 1 |
| 3 | SERVICE LIFT HANDEKING MACHINE | SET | 5 |
| 4 | CYCLE ASSEMBLY RAW MATERIALS | | 40 |
| 5 | METAL PIPES FRAME | | 50 |
| 6 | TOOLS SEY (BOX) | SET | 40 |
| 7 | SPECIAL TOOLS(AIR WRENCH FUN, ELECTRIC WRECH, AIR PIPES CONNECTORS) | SET | 70 |
| 8 | HANGER FRAME FOR CYCLE UNIT | SET | 30 |
| 9 | SHELF FOR CYCLE PARTS | SET | 40 |
| 10 | PLASTICE TRAY | SET | 200 |
| 11 | LIGHT SET FOR ASSEMBLY LINE | SET | 1 |
| 12 | HEAD PARTS ASSEMBLY TABLES | SET | 2 |
| 13 | WHEEL ASSEMBLY TABLE | SET | 4 |
| 14 | ENGINE ASSEMBLY TABLE | SET | 3 |
| 15 | PLASTIC WRAP (PACK) | TONS | 5 |
| 16 | ALL PRODUCTION EQUIPMENT ACCESSORIES FOR MOTORCYCLE | TONS | 60 |
| 17 | MOLD OF ALL CYCLE KPARTS | SET | 50 |
| 18 | AUTOMATICE WELDING MACHINE SET | SET | 10 |
| 19 | PLASTIC INJECTION MOULDING | SET | 1 |
| 20 | INDUSTRIAL FORKLIFT | SET | 10 |
| 21 | AIR COMPRESSOR UNIT | SET | 5 |
| 22 | FACTORY UNIFORM CLOTHES, HAT | SET | 2000 |
| 23 | QUALITY CHECK EQUIPMENT | SET | 1 |
| 24 | MACHINERY FOR CCLES FACTORY | SET | 3 |
| 25 | BRIDGE CRANE | SET | 1 |
| 26 | ELECTRIC WIRE& ACCCESSORIES | PCS | 1 |
| 27 | Cycle: Tyre of rubber, cushion, parts,tybes | SET | 50,000 |
| 28 | Cycle:Chain and parts thereof, of Iron or steel | SET | 50,000 |
| 29 | Cycle:light signaling equipment | SET | 50,000 |
| 30 | Cycle:parts and accessories of motorcycle | SET | 50,000 |

| | | | |
|---|---|---|---|
| 31 | Cycle: frame, other completely knock down | SET | 50,000 |
| 32 | Cycle: engine, accessories, parts, thereof: | SET | 50,000 |
| 33 | Cycle:wheel rims, spokes, forks hubs brakes | SET | 50,000 |
| 34 | Cycle:Pedals crank-gear, and parts thereof | SET | 50,000 |
| 35 | Cycle:Handle bars pillars, mydgrards, reflectors, carriers, control cables, lamp brackets or bracket | SET | 50,000 |
| 36 | Cycle:cycles materials for goods | SET | 50,000 |
| 37 | Tricycle: frame, parts, accessories, thereof; | SET | 3,500 |
| 38 | Tricycle: wire, forks, hub, brakes, thereofs; | SET | 3,500 |
| 39 | Tricycle: body, wheel, handle,sparepart, thereof; | SET | 3,500 |
| 40 | Under board | pcs | 50,000 |
| 41 | Panel support | pcs | 50,000 |
| 42 | Direction to put | pcs | 50,000 |
| 43 | Big support | pcs | 50,000 |
| 44 | Single support | pcs | 50,000 |
| 45 | Hanger | pcs | 50,000 |
| 46 | Left and right pedal | pcs | 50,000 |
| 47 | Big buckle spring | pcs | 50,000 |
| 48 | Single brace spring | pcs | 50,000 |
| 49 | Front wheel bushing | pcs | 50,000 |
| 50 | Adjust the line | pcs | 50,000 |
| 51 | Rear bushings | pcs | 50,000 |
| 52 | Rear wheel spacer | pcs | 50,000 |
| 53 | After the mud board bracket | pcs | 50,000 |
| 54 | Seat lock line | pcs | 50,000 |
| 55 | Odometer line | pcs | 50,000 |
| 56 | Throttle line 1 | pcs | 50,000 |
| 57 | Throttle line 2 | pcs | 50,000 |
| 58 | Hand brake after the nrake line | pcs | 50,000 |
| 59 | Left and right gloves | pcs | 50,000 |
| 60 | Left hand assemnly | pcs | 50,000 |
| 61 | Headlights | pcs | 50,000 |
| 62 | Horn switch | pcs | 50,000 |
| 63 | Headlight switch | pcs | 50,000 |
| 64 | Electric start switch | pcs | 50,000 |
| 65 | Remote light switch | pcs | 50,000 |

| | | | |
|---|---|---|---|
| 66 | Variable light switch | pcs | 50,000 |
| 67 | Turn off the switch | pcs | 50,000 |
| 68 | Actuator | pcs | 50,000 |
| 69 | Full bowl | pcs | 50,000 |
| 70 | Front left and right shock absorbers | pcs | 50,000 |
| 71 | Rear shock absorber | pcs | 50,000 |
| 72 | Front dis brake with wire clip screws | pcs | 50,000 |
| 73 | Air filter | pcs | 50,000 |
| 74 | silencer | pcs | 50,000 |
| 75 | Rear brake shoe | pcs | 50,000 |
| 76 | Muffler gasket | pcs | 50,000 |
| 77 | Throttle | pcs | 50,000 |
| 78 | Self-priming switch | pcs | 50,000 |
| 79 | Speaker | pcs | 50,000 |
| 80 | Rear brake shoe | pcs | 50,000 |
| 81 | tank | pcs | 50,000 |
| 82 | Fuel tank | pcs | 50,000 |
| 83 | Meter | pcs | 50,000 |
| 84 | Flasher | pcs | 50,000 |
| 85 | Seat night light switch | pcs | 50,000 |
| 86 | Gasoline sensor with pressure plate gasket | pcs | 50,000 |
| 87 | Set lock with lock polate | pcs | 50,000 |
| 88 | Cushions | pcs | 50,000 |
| 89 | Charging interface | pcs | 50,000 |
| 90 | Brake cover | pcs | 50,000 |
| 91 | Fuel tank cover | pcs | 50,000 |
| 92 | Handle the front | pcs | 50,000 |
| 93 | Headlight under cover | pcs | 50,000 |
| 94 | Storage box | pcs | 50,000 |
| 95 | Full set of rubber pieces | pcs | 50,000 |
| 96 | Rear brake return bit | pcs | 50,000 |
| 97 | Rear brake rubber | pcs | 50,000 |
| 98 | rear brake return spring | pcs | 50,000 |
| 99 | Gasoline filter | pcs | 50,000 |
| 100 | Gasoline filter jacket | pcs | 50,000 |
| 101 | Tubing | pcs | 50,000 |


| | | | |
|---|---|---|---|
| 102 | Tuning hoop | pcs | 50,000 |
| 103 | Front fender | pcs | 50,000 |
| 104 | Rear fender | pcs | 50,000 |
| 105 | Pedal | pcs | 50,000 |
| 106 | Trash box | pcs | 50,000 |
| 107 | Debris box cover | pcs | 50,000 |
| 108 | Main cable | pcs | 50,000 |
| 109 | Pay cable | pcs | 50,000 |
| 110 | Positive line | pcs | 50,000 |
| 111 | Negative line | pcs | 50,000 |
| 112 | Real license plate bracket | pcs | 50,000 |
| 113 | The floor board | pcs | 50,000 |
| 114 | Left and right side cover | pcs | 50,000 |
| 115 | Rear fender | pcs | 50,000 |
| 116 | Rear light | pcs | 50,000 |
| 117 | Helmet hook | pcs | 50,000 |
| 118 | front the reflective card | pcs | 50,000 |
| 119 | Battery cover | pcs | 50,000 |
| 120 | Left and right rearview mirror | pcs | 50,000 |
| 121 | Manual | pcs | 50,000 |
| 122 | Vehicle tools | pcs | 50,000 |
| 123 | Battery | pcs | 50,000 |
| 124 | Front cover (Black) | pcs | 50,000 |
| 125 | Meter cover (Black) | pcs | 50,000 |
| 126 | Front left/right cover (Black) | pcs | 50,000 |
| 127 | Set box decoration cover {black} | pcs | 50,000 |
| 128 | Left/right body cover | pcs | 50,000 |
| 129 | After the central cover{white} | pcs | 50,000 |
| 130 | Handle the central cover | pcs | 50,000 |
| 131 | Front panel | pcs | 50,000 |
| 132 | After the armrest | pcs | 50,000 |
| 133 | Wind cover | pcs | 50,000 |
| 134 | Billboard | pcs | 50,000 |
| 135 | Decaline PMG-F | pcs | 50,000 |
| 136 | Warning decals{3} | pcs | 50,000 |
| 137 | Seat Decoration{2 sheets} | pcs | 50,000 |

| | | | |
|---|---|---|---|
| 138 | Certificate | pcs | 50,000 |
| 139 | Stickers | pcs | 50,000 |
| 140 | Taillight stickers | pcs | 50,000 |
| 141 | Air filter crystal paste | pcs | 50,000 |
| 142 | Axis 10*184 | pcs | 50,000 |
| 143 | Flange bolt10*60 | pcs | 50,000 |
| 144 | Cap nut 6*32 | pcs | 50,000 |
| 145 | Single Support | pcs | 50,000 |
| 146 | Self-locking nutM16 | pcs | 50,000 |
| 147 | Flange bolt10*55 | pcs | 50,000 |
| 148 | Flange bolt 6*16 | pcs | 50,000 |
| 149 | Flat pad 10*25 | pcs | 50,000 |
| 150 | Flat pad 12*25 | pcs | 50,000 |
| 151 | Medium flat head 6*12 | pcs | 50,000 |
| 152 | Flange bolt 10*40 | pcs | 50,000 |
| 153 | Flange bolt 12*25 | pcs | 50,000 |
| 154 | Flange bolt6*30 | pcs | 50,000 |
| 155 | Flange bolt6*20 | pcs | 50,000 |
| 156 | Flange bolt8*45 | pcs | 50,000 |
| 157 | Flange bolt6*25 | pcs | 50,000 |
| 158 | Six corners with pad | pcs | 50,000 |
| 159 | Self tapping pin 4.2*16 | pcs | 50,000 |
| 160 | Nut M5 | pcs | 50,000 |
| 161 | Flat pad M6 | pcs | 50,000 |
| 162 | Self tapping pin 4.8*16 | pcs | 50,000 |
| 163 | Self tapping pin 4.2*12 | pcs | 50,000 |
| 164 | Flange bolt 6*12 | pcs | 50,000 |
| 165 | Inner six corner stainless bar, 8*60 | pcs | 50,000 |
| 166 | Inner six corner stainless bar, 8*25 | pcs | 50,000 |
| 167 | Flat pad, stainless bar,M8 | pcs | 50,000 |
| 168 | Paper gasket | pcs | 50,000 |
| 169 | Self tapping pin 4.8*12 | pcs | 50,000 |
| 170 | Flange bolt 8*85 | pcs | 50,000 |
| 171 | Self-locking nut M10 | pcs | 50,000 |
| 172 | Cross head 6*25 | pcs | 50,000 |
| 173 | Splint 4.2 | pcs | 50,000 |


| | | | |
|---|---|---|---|
| 174 | Flange bolt 6*50 | pcs | 50,000 |
| 175 | Cross recessed pan head with pad | pcs | 50,000 |
| 176 | Flange bolt 10*45 | pcs | 50,000 |
| 177 | Mushroom Head 6*20 | pcs | 50,000 |
| 178 | 6177 nut M6 | pcs | 50,000 |
| 179 | Locking sleeve | pcs | 50,000 |
| 180 | Pad M10 | pcs | 50,000 |
| 181 | Pad M6 | pcs | 50,000 |
| 182 | Big brace bushing | pcs | 50,000 |
| 183 | Hanger bushing | pcs | 50,000 |
| 184 | Flat machine 6*12 | pcs | 50,000 |
| 185 | Self tapping pin 4.8*20 | pcs | 50,000 |
| 186 | Self tapping pin 4.2*16 | pcs | 50,000 |
| 187 | Frame | pcs | 50,000 |
| 188 | Aluminum plate | pcs | 50,000 |
| 189 | Engine | pcs | 50,000 |
| 190 | Stabilizer | pcs | 50,000 |
| 191 | High pressure bag | pcs | 50,000 |
| 192 | Relay | pcs | 50,000 |
| 193 | Lighter | pcs | 50,000 |
| 194 | Carburetor | pcs | 50,000 |
| 195 | Power with pull plate | pcs | 50,000 |
| 196 | Front wheel {Sub-black} | pcs | 50,000 |
| 197 | 80/90-14 inner and outer tires | pcs | 50,000 |
| 198 | Front disc brakes | pcs | 50,000 |
| 199 | Front wheel {Sub-black} | pcs | 50,000 |
| 200 | 80/90-14 inner and outer tires | pcs | 50,000 |
| 201 | Front disc brakes | pcs | 50,000 |
| 202 | Rear aluminum wheel (GOLDEN) | pcs | 50,000 |
| 203 | 90/90-14 inside and outside tires | pcs | 50,000 |

၅။ **စီမံကိန်းတည်နေရာ။** မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ဘိုးတော်တိုးရပ်ကွက်၊ အကွက်အမှတ် (၄၁၈)၊ ဦးပိုင်အမှတ် (၁၄-ဆ/ ၁၄-ဈ)၊ ကိုယ်ပိုင်မြေ၊ မြေဧရိယာ ၀.၆၄ ဧက ပေါ်တွင် တည်ရှိသည်။


**နိုင်လွန်ကုမ္ပဏီလီမိတက်၏ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ဘိုးတော်တိုးရပ်ကွက်၊ အကွက်အမှတ် (၄၁၈)၊ ဦးပိုင်အမှတ် (၁၄-ဆ/ ၁၄-ဈ)၊ ကိုယ်ပိုင်မြေ၊ မြေဧရိယာ ၀.၆၄ ဧကပေါ်တွင် မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ လုပ်ငန်းတည်နေရာပြမြေပုံ**



**နိုင်လွန်ကုမ္ပဏီလီမိတက်၏ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ဘိုးတော်တိုးရပ်ကွက်၊ အကွက်အမှတ် (၄၁၈)၊ ဦးပိုင်အမှတ် (၁၄-ဆ/ ၁၄-ဈ)၊ ကိုယ်ပိုင်မြေ၊ မြေဧရိယာ ၀.၆၄ ဧကပေါ်တွင် မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ Layout Plan**



**နိုင်လွန်ကုမ္ပဏီလီမိတက်၏ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ဘိုးတော်တိုးရပ်ကွက်၊ အကွက်အမှတ် (၄၁၈)၊ ဦးပိုင်အမှတ် (၁၄-ဆ/ ၁၄-ဈ)၊ ကိုယ်ပိုင်မြေ၊ မြေဧရိယာ ၀.၆၄ ဧကပေါ်တွင် မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ Flow Chart Diagram**




ပြည်ထောင်စု
ဝန်ကြီးရုံး

နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

၆။ နိုင်လွန်ကုမ္ပဏီလီမိတက်၏ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ဘိုးတော်တိုးရပ်ကွက်၊ အကွက်အမှတ် (၄၁၈)၊ ဦးပိုင်အမှတ် (၁၄-ဆ/ ၁၄-ဈ)၊ ကိုယ်ပိုင်မြေ၊ မြေဧရိယာ ၀.၆၄ ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၁၉-၆-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇/ EIA (၃၂၈/၂၀၂၃) ဖြင့် တင်ပြခဲ့သည့် အပြီးသတ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့် သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** စီမံကိန်းတွင် လုပ်ငန်းစဉ်အနေဖြင့် ကိုယ်ထည်ဘောင်နှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း၊ ရှော့ဘား၊ ဘီးနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း၊ အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း၊ အိတ်ဇောပိုက်တပ်ဆင်ခြင်း၊ ဘရိတ်ကြိုးများတပ်ဆင်ခြင်း၊ ဆိုင်ကယ်မီးလုံးတပ်ဆင်ခြင်း၊ ဆီတိုင်ကီနှင့် ကာဗာတပ်ဆင်ခြင်းများပြုလုပ်ခြင်း၊ မော်တော်ဆိုင်ကယ်စက်ပစ္စည်းအစိတ်အပိုင်းများအား တပ်ဆင်မှုပြီးစီးချိန်တွင် စစ်ဆေးသည့်အပိုင်းသို့ ပို့ဆောင်ကြောင်းနှင့် စစ်ဆေးပြီးနောက် ရရှိလာသည့်ဆိုင်ကယ်များကို ထုပ်ပိုးခြင်း ပြုလုပ်၍ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း ဖုန်မှုန့်ထွက်ရှိသောနေရာများနှင့် လုပ်ငန်းသုံးယာဉ်များအသုံးပြုသောလမ်းများကို မကြာခဏ ရေဖျန်းပေးရန်၊

(၂) လုပ်သားများအတွက် လုံလောက်သော နှာခေါင်းစည်းများ ထောက်ပံ့ပေးရန်၊

(၃) မီးစက်နှင့် စက်ကိရိယာများကို ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းနှင့် အသုံးပြုခြင်း မရှိသော စက်ပစ္စည်းများအား ပိတ်ထားရန်၊

(၄) ယာဉ်အိုယာဉ်ဟောင်းများ အသုံးပြုခြင်းကို တားမြစ်ရန်၊

(၅) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အတိုင်း လိုက်နာဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဧရိယာအတွင်း ရေမြောင်းများ ဆောက်လုပ်ပြီး စနစ်တကျ စွန့်ထုတ်ရန်၊

(၂) ရေနုတ်မြောင်းများကို ရေစီးရေလာ ကောင်းမွန်မှု ရှိ/ မရှိ ပုံမှန်စစ်ဆေးခြင်းနှင့် ရေစီးဆင်းမှုစနစ် ပိတ်ဆို့မှု ဖြစ်စေသောအရာများအား ဖယ်ရှားရန်၊

(၃) အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများကို ရေနုတ်မြောင်းအတွင်းသို့ စွန့်ပစ်ခြင်းအား တားမြစ်ရန်၊

(၄) လုံလောက်သော မိလ္လာကန်စနစ်များ ထားရှိခြင်းနှင့် အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံမှုများသောနေရာတွင် ဝန်ထမ်းများအား လုံလောက်သော နားကြပ်များ ထောက်ပံ့ပေးရန်၊

(၂) ဆူညံမှုနည်းသော စက်ပစ္စည်းများကို အသုံးပြုခြင်းနှင့် ဆူညံသံထွက်ရှိမှု လျော့နည်းစေရန် ယာဉ်မောင်းများကို သတ်မှတ်မိုင်နှုန်းအတွင်းတွင်သာ မောင်းနှင်စေရန်၊

(၃) ဆူညံသံများကို လျှော့ချနိုင်ရန်အတွက် စက်ပစ္စည်းများကို ပုံမှန်စစ်ဆေး ပြုပြင်ခြင်းနှင့် ဆူညံမှုများသောနေရာတွင် အလုပ်လုပ်ကိုင်သော လုပ်သား များကို အလှည့်ကျ လုပ်ကိုင်စေရန်၊

(၄) မလိုလားအပ်သော ဆူညံသံများ မဖြစ်ပေါ်စေရန် စက်ပစ္စည်းကိရိယာများအား ကောင်းမွန်စွာ ထိန်းသိမ်းရန်၊

(၅) လုပ်ငန်းသုံးစက်ပစ္စည်းများ အသုံးပြုခြင်းမှ ဆူညံသံထွက်ရှိမှုအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး ( ထုတ်လွှတ်မှု) လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်များကို အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်စေရန်၊

(၂) ပြန်လည်အသုံးပြုနိုင်သောအမှိုက်များကို ခွဲခြားပြီး စုဆောင်းခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်ရန်၊

(၃) ယာယီသတ်မှတ်ထားသော အမှိုက်ကန်အား ပုံမှန်စစ်ဆေးခြင်း ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများ ကိုင်တွယ်မှုနှင့်ပတ်သက်၍ လုပ်သားများအား ကျန်းမာရေး အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၅) အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို သတ်မှတ်နေရာများတွင် သိုလှောင်ထားရှိခြင်း၊ သီးသန့်အမှိုက်ပုံးများ ထားရှိခြင်းတို့ ဆောင်ရွက်ရန်၊

(၆) အမှိုက်စွန့်ပစ်ရန် လုံလောက်သောနေရာ အကျယ်အဝန်း ထားရှိမည်ဖြစ်ကြောင်းနှင့် စွန့်ပစ်ပစ္စည်းများကို MCDC နှင့်ချိတ်ဆက်၍ စွန့်ပစ်ရန်။

(ဆ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း ဆေးခန်းနှင့် ဆေးပစ္စည်းများ ထားရှိရန်၊

(၂) အန္တရာယ်ရှိသောနေရာများတွင် အမှတ်အသားဆိုင်းဘုတ်များ ပြသထားရန်၊

(၃) စက်ပစ္စည်းကိရိယာများအား ပုံမှန်ပြုပြင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်းများ (PPEs) ထောက်ပံ့ပေးရန်၊

(၄) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းပေးခြင်း၊ စက်ပစ္စည်းများ ကိုင်တွယ်အသုံးပြုပြီးတိုင်း လက်ကို ဆပ်ပြာနှင့် စင်ကြယ်စွာ ဆေးကြောစေရန်၊

(၅) တစ်ကိုယ်ရေသုံးပစ္စည်းများကို ဝန်ထမ်းများအချင်းချင်း မျှဝေသုံးစွဲခြင်းအား တားမြစ်ရန်၊

(၆) ကူးစက်ရောဂါ ဖြစ်ပွားနေသော လုပ်သားများကို လုပ်ငန်းခွင်မှ အနားပေးရန်၊

(၇) ရှေးဦးသူနာပြုစု ဆေးသေတ္တာများ အသင့်ဆောင်ထားခြင်းနှင့် အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းအစီအစဉ်များထားရှိပြီး အနီးဆုံးဆေးရုံဖုန်းနံပါတ်နှင့် မြေပုံများထားရှိ ဆောင်ရွက်ရန်။

(ဈ) **မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရေးပေါ် မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် စက်ရုံရှိ အလုပ်ရုံနံရံများတွင် မီးသတ်ကိရိယာများနှင့် မီးသတ်ရေပိုက်များ ထားရှိရန်၊

(၂) မီးသတ်ကိရိယာများကို ကောင်းမွန်မှုရှိစေရန် ပုံမှန်စစ်ဆေးပေးခြင်းနှင့် အရေးပေါ်အခြေအနေအတွက် မီးသတ်ရေကန် ထားရှိရန်၊

(၃) စက်ရုံတွင် မီးလောင်ပါက သိရှိနိုင်စေရန် အချက်ပေးကိရိယာများ တပ်ဆင်ထားရှိရန်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးဘေး၊ လျှပ်စစ်ဘေး၊ ရေကြီးရေလျှံမှုများအတွက် အရေးပေါ်အစီအစဉ်များကို လေ့ကျင့်ခြင်း (Emergency Drill)၊ အသိပညာပေးခြင်းနှင့် သင်တန်းပေးခြင်းများဆောင်ရွက်ရန်၊

(၂) အရေးပေါ်ဆက်သွယ်ရမည့်ဌာနများ၊ အဖွဲ့အစည်းများ၏ လိပ်စာ၊ ဖုန်းနံပါတ်များအား အလွယ်တကူထားရှိရန်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်ပတ်သက်၍ $SO_2$, $NO_2$, CO, $CO_2$, $PM_{2.5}$, $PM_{10}$, $SO_2$, $CH_4$ နှင့် VOCS စသည့် Parameter တို့အား တစ်နှစ်လျှင် (၂) ကြိမ် စီမံကိန်းဧရိယာအနီးဝန်းကျင်တွင် စောင့်ကြပ်ကြည့်ရှုတိုင်းတာသွားရန်၊

(၂) ဆူညံသံအား စီမံကိန်းဧရိယာအနီးဝန်းကျင်တွင် တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်ကြည့်ရှုတိုင်းတာသွားရန်၊

(၃) ရေအရည်အသွေးနှင့်ပတ်သက်၍ Temperature, pH, TSS, TDS, DO, BOD5, COD, Iron, Cyanide, Arsenic, Phosphorus, Nitrogen စသည့် Parameter

တို့အား တစ်နှစ်လျှင် (၂) ကြိမ် စီမံကိန်းဧရိယာအနီးဝန်းကျင်တွင် စောင့်ကြပ်ကြည့်ရှုတိုင်းတာသွားရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား အမျိုးအစားခွဲခြားခြင်း၊ အမှိုက်များကို စနစ်တကျအမှိုက်သိမ်းစနစ်နှင့် စွန့်ပစ်ခြင်း၊ စွန့်ပစ်သည့်အရေအတွက်ကို မှတ်တမ်းပြုလုပ်ခြင်းစသည်တို့အား ယာယီအမှိုက်စွန့်ပစ်သည့်နေရာတွင် လစဉ်စောင့်ကြပ်ကြည့်ရှုသွားရန်။

(၄) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဥ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဦ) **လျာထားအသုံးစရိတ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများအတွက် လျာထားအသုံးစရိတ် (၁၀,၃၁၀,၀၀၀) ကျပ် အသုံးပြုမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လုပ်ငန်းများအတွက် လျာထားအသုံးစရိတ် (၃,၀၀၀,၀၀၀) ကျပ် အသုံးပြုမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) CSR လုပ်ငန်းအတွက် လျာထားအသုံးစရိတ် (၁၀,၀၀၀,၀၀၀) ကျပ် အသုံးပြုမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) လုပ်ငန်းလည်ပတ်စဉ်ကာလ စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် လျာထားရန်ပုံငွေ (၃,၈၇၀,၀၀၀) ကျပ် အသုံးပြုမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) လုပ်ငန်းပိတ်သိမ်းစဉ်ကာလ စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် လျာထားရန်ပုံငွေ (၃,၈၇၀,၀၀၀) ကျပ် အသုံးပြုမည်ကို လိုက်နာဆောင်ရွက်ရန်။

(ဃ) **လုပ်ငန်းပိတ်သိမ်းခြင်း။** စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်း အစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီး ခြင်း၊ မြေပြိုခြင်း၊ လျှောင်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံ များရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေး များ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား စုပုံစွန့်ပစ်ရန်နှင့် သက်ဆိုင်ရာက သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့ နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃dBAထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) မော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းနှင့် ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်းဖြစ်ပေါ်ပါက တင်ပြရန်၊

ပြည်ထောင်စု ဝန်ကြီးရုံး

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်းဖြစ်ပေါ်ပါက တင်ပြရန်၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ပါက တင်ပြရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာတင်ပြရန်၊

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ တင်ပြရန်၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှုတို့ကို တင်ပြရန်၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့်အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများကို တင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို တင်ပြရန်၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုကို တင်ပြရန်။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့်နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက်မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများတို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာ

ဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများ အားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရန်နှင့် မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီးနောက် (၁၀)ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘော တူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

ပြည်ထောင်စုဝန်ကြီးရုံး

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအားချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနကထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့်မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆိုချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်သည့်ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နမူနာအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့်လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ တစ်ဖက်ပါအချက်တို့ကိုလိုက်နာဆောင်ရွက်ရမည်-

(က) ဤပြပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက်နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သောဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

ပြည်ထောင်စု ဝန်ကြီးရုံး

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက် ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက်ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ် များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက် အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ် ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---